ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက်အမှတ် (၆ / ၂၀၂၁)
၁၃၈၃ ခုနှစ်၊ **ဝါဆို** လဆန်း (၆)ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်)

အမည်ပျက်စာရင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ခုနှစ်၊ ဧပြီလ (၂၇) ရက်စွဲပါ ထုတ်ပြန်ကြေညာချက်အမှတ် (၁/၂၀၂၁)၊ အပိုဒ် (၄) (က) ၌ " မိမိတို့ ဝန်ကြီးဌာနအတွင်းရှိ CDM တွင် ပါဝင်ဆန္ဒပြနေသည့် ဝန်ထမ်းများကို အမျိုးမျိုး ဖိအားပေး ခြိမ်းခြောက်နေသည့် အကြမ်းဖက် အာဏာသိမ်းစစ်ကောင်စီဩဇာခံများနှင့် ယင်းစစ်ကောင်စီ လက်အောက်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ (Non-CDM များ)အား ၎င်းတို့၏ လုပ်ရပ်/ ပြစ်မှုအပေါ်မူတည်ကာ အမျိုးသားညီညွတ်ရေးအစိုးရက ထိုက်သင့်သည့် ပြစ်ဒဏ်များ ချမှတ်ကာ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါသည် " ဟု ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

သို့ပါ၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ခုနှစ်၊ ဇူလိုင်လ (၁၀)ရက်နေ့တွင် ပြုလုပ်သည့် အစည်းအဝေး ဆုံးဖြတ်ချက်အမှတ် (၇) အရ နိုင်ငံတော်နှင့် ပြည်သူအတွက် ပြည်သူ့အာဏာဖီဆန်ရေး လှုပ်ရှားမှု ပြုလုပ်နေကြသော မြေတိုင်းဦးစီးဌာနမှ ဝန်ထမ်းများအား ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ဝန်ထမ်းအိမ်ရာမှ အတင်းအဓမ္မ ဖယ်ရှားခြင်း၊ ပြန်လည်ပေးဆပ်ရန် မလိုအပ်သည့် ချီးမြှင့်ငွေ (ချေးငွေ လစာနှစ်ဆ) နှင့် စစ်ကောင်စီ၏ ယန္တရားလည်ပတ်နိုင်ရေး စွမ်းစွမ်းတမံ ဆောင်ရွက်နေခြင်းတို့ကို ကျူးလွန်နေသော အောက်ဖော်ပြပါ ဝန်ထမ်းများကို **အမည်ပျက်စာရင်း (Blacklist)** သွင်းလိုက်ပြီး ၎င်းတို့၏ ရာထူးတည်ရှိမှု အပါအဝင် ဝန်ထမ်းဆိုင်ရာ ခံစားခွင့်၊ ရပိုင်ခွင့် မည်သည့်ကိစ္စအဝဝကိုမျှ ပြည်သူ့အစိုးရမှ လုံးဝ(လုံးဝ) အသိအမှတ်ပြုမည် မဟုတ်ကြောင်း ကြေညာလိုက်သည်။

စဉ်	အမည်	ရာထူး	ဌာန
၁	ဦးသက်ဦး	ညွှန်ကြားရေးမှူးချုပ်	မြေတိုင်းဦးစီးဌာန
၂	ဦးစိန်မင်း	ဒုတိယညွှန်ကြားရေးမှူးချုပ်	မြေတိုင်းဦးစီးဌာန
၃	ဦးကျော်ဌေး	ညွှန်ကြားရေးမှူး	မြေတိုင်းဦးစီးဌာန
၄	ဦးဝင်းရွှေ	ညွှန်ကြားရေးမှူး	မြေတိုင်းဦးစီးဌာန

စဉ်	အမည်	ရာထူး	ဌာန
၅	ဦးကျော်ကျော်ထွန်း	ညွှန်ကြားရေးမှူး	မြေတိုင်းဦးစီးဌာန
၆	ဦးမင်းဇော်	ဒုတိယညွှန်ကြားရေးမှူး	မြေတိုင်းဦးစီးဌာန
၇	ဦးဇော်နိုင်	လက်ထောက်ညွှန်ကြားရေးမှူး	မြေတိုင်းဦးစီးဌာန
၈	ဦးသန်းခိုင်	လက်ထောက်ညွှန်ကြားရေးမှူး	မြေတိုင်းဦးစီးဌာန
၉	ဦးကိုကို	ဦးစီးအရာရှိ	မြေတိုင်းဦးစီးဌာန

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ